


# မိုးသီးဇွန်

နှင့်စကားစမြည်

## ဝေမှုံးသွင်



## မိုးသီးဇွန်၏ ကိုယ်ရေးအကျဉ်း

မိုးသီးဇွန်ကို ၁၉၆၂ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် အဘ ဦးမျိုးမြင့်၊ အမိဒေါ်ညွှန့်မေတို့ မှ ပဲ ခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဖားဒိုကျေးရွာ တွင် မွေးဖွားခဲ့၊ အမည်ရင်းမှာ မျိုးသန်းထွဋ်ဖြစ်သည် ။

၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ထင်ရှားသော ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သည် ။ သူသည်

အရေးတော်ပုံကြီး မဖြစ်ပွားမီ ၁၉၈၄ ခုနှစ်လောက်ကတည်းက မြေအောက်ကျောင်းသား လှုပ်ရှားမှုလုပ်ငန်းများကို ဒေါက်တာဇော်မင်း၊ ကိုညိုသစ်၊ ကိုသိန်းဇော်၊ ကို ဌေးသိန်းတို့ နှင့်အတူ လက်တွဲလုပ်ဆောင်ခဲ့သည် ။ ၁၉၈၈ ခုနှစ်၊ မတ်လ ကျောင်းသားလှုပ်ရှားမှုတွင် မင်းကိုနိုင်၊ ဝင်းမိုး၊ သက်ထွန်းတို့ နှင့်အတူ စတင်စည်းရုံးပါဝင်ခဲ့သည် ။ ၁၉၈၈ ခုနှစ်၊ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) ၌ အထွေထွေအတွင်းရေးမှူး တာဝန်ယူခဲ့ သည် ။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းသွားပြီးနောက် သူ သည် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ကို ၁၉၈၈ ခုနှစ်၊ အောက်တိုဘာ (၁၅) ရက်နေ့တွင် ဦး ဆောင်တည် ထောင်ခဲ့ ။ ထိုအချိန်ကာလ၌ လူထုထောက်ခံမှုနှင့် စည်းရုံးလှုံ့ဆော်မှု များ အရ ဒုတိယ အင်အားအကြီးဆုံးပါတီတစ်ခု ဖြစ်လာခဲ့။ ဒီမိုကရေစီ မဟာမိတ်များ အဖွဲ့ချုပ်နှင့် ဦးဂွယ်လမ်းတပ် ပေါင်းစုံတွေမှာ ခေါင်းဆောင် တစ်ဦးအဖြစ် ပါဝင်ခဲ့သည် ။

၁၉၈၉ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့တွင် မြေပေါ်နိုင်ငံရေးမှ လက်နက်ကိုင်တော်လှန်ရေးသို့ ကူးပြောင်းခဲ့ပြီး၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တွင် ဥ က္ကဌ၊ ဒုဥက္ကဌ တာဝန်များကို ၂၀၀၁ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည် ။ ဒီမိုကရက်တစ် မဟာမိတ်များ အဖွဲ့ချုပ် (DAB) တွင် လည်း စစ်ကော်မရှင်အတွင်းရေးမှူး တာဝန်ယူခဲ့သည် ။ ၁၉၉၉ ခုနှစ်တွင် ထိုင်းအစိုးရ၏ ဖမ်းဆီးထိန်းသိမ်း ခြင်းကိုခံရပြီး ၂၀၀၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိ လာသည် ။

သူသည် ဒီမိုကရေစီလှုပ်ရှားမှုများ အတွင်း ကဗျာများ ၊ နိုင်ငံ ရေးအ

ယူအဆဆောင်းပါးများ စွာကို ရေးသားခဲ့သည် ။ ငယ်စဉ်က လက်ဝဲ အတွေးအခေါ်များ နှင့် နီးစပ်ခဲ့သော်လည်း နောက်ပိုင်းမှာ ပျော့ပျောင်းသော (Liberal) လစ်ဘရယ်အတွေးအခေါ်များကို ပိုမိုသက်ဝင်ယုံကြည်လာတာကို တွေ့ရသည် ။ မေတ္တာတရား၊ စာနာမှု၊ အပြန်အလှန်လေးစား မှု၊ အပြန်အလှန်အသိအမှတ်ပြုမှုများ သည် လက်တွေ့ကျင့်သုံးရမည့် ဒီမို ကရေစီတန်ဖိုးများ ဖြစ်သည် ဟု သူက အဓိကဒဿန (Central Theme) များ အဖြစ် မကြာခဏ ဖော်ထုတ်ပြောလေ့ရှိသည် ။ အာရှတန်ဖိုးသည် အုပ်ချုပ်သူလူတန်း စား၏ ဖိနှိပ်ရေးယဉ်ကျေးမှုဖြစ်၍ အကြောက်တရား အခြေခံအဖြစ် ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကို အဓိက နှောင့်ယှက် သည် ဟု သူက ရှုမြင်သုံးသပ်သည် ။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမျိုး သမီးများ အပေါ် ခွဲခြားဆက်ဆံမှု၊ တိရစ္ဆာန်များကို ညှင်းပန်းနှိပ်စက်မှု နှင့် ကလေးသူငယ်များကို ရိုက်နှက်အပြစ်ပေးခြင်းများကိုလည်း သူက အပြင်းအထန် ဆန့်ကျင်ကန့်ကွက်သည် ။ အနာဂတ် ဗမာပြည်နှင့်ပတ် သက်ပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ထောင်နိုင်ဖို့ သူမျှော်လင့် ချက်ထားရှိ သည် ။

၁၉၈၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒအဓိကဖြင့် လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ချီကာဂိုတက္ကသိုလ် ဖဲလိုးရှစ်နှင့် ရီဂင် ဖဲလိုးရှစ်ဆုများ လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့ ကိုဘံဘီယတက္ကသိုလ် (Columbia University–CU) နိုင်ငံတကာ ဆက်ဆံရေးနှင့် လူထုအုပ်ချုပ်ရေးကျောင်း (School of International Affairs and Public Ad-ministration–SIPA) မှ နိုင်ငံ တကာဆက်ဆံရေးအထူးပြုဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုလည်း ကောင်း ရရှိခဲ့သည် ။

၁၉၈၉ ခုနှစ်တွင် စစ်အစိုးရက လက်နက်ကိုင်ပုန်ကန်မှုဖြင့် မျက်ကွ

ယ်သေဒဏ်ပေးခဲ့သည် ။ ၁၉၈၈ မှ (၂၄) နှစ်ကြာပြီးနောက် ၂၀၁၂ ခုနှစ်တွင် ဗမာပြည်သို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိခဲ့သည် ။

*